ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

**နေပြည်တော်**

**လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများရောင်းချခြင်းလုပ်ငန်းလိုင်စင်**
**သက်တမ်းတိုးမြှင့်ခွင့်လျှောက်လွှာတင်သွင်းရန်**
**ကြေညာချက် ( ၁ /၂၀၁၄ )**
**၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်**
**( ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက် )**

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ၂၀၁၄ခုနှစ်အတွက် ခွင့်ပြုထားသော လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်း လုပ်ငန်းလိုင်စင်များသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လုပ်ငန်းများ ဆက်လက် လုပ်ကိုင်လိုပါက လိုင်စင်အသစ်ထပ်မံထုတ်ပေးရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လျှောက်ထားရမည် ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်းမရှိပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ(၁)လကြိုတင်၍ မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လက်ရှိလိုင်စင်သက်တမ်းကုန်ဆုံးချိန်မှစ၍ လုပ်ငန်းများဆက်လက် လုပ်ကိုင်ခြင်းမပြုတော့ကြောင်း အကြောင်းကြားရမည် ဖြစ်ပါသည်။

၂။ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်ထုရုပ်ထွင်းများ ရောင်းချခြင်းလုပ်ငန်း လိုင်စင်များ သက်တမ်းတိုးမြှင့်ခြင်းအတွက် လျှောက်လွှာတင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော် ၊ မြန်မာ့ ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်မြို့)၊ ကျောက်မျက်တူးဖော်ရေးဌာန (မြစ်ကြီးနားမြို့)နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (မန္တလေးရုံးခွဲ)၊ အမှတ်(၂၂)၊ ၃၅x၆၄ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်တို့သို့ ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည် -

(က) **၂၀၁၅ခုနှစ်အတွက်လုပ်ငန်းလိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်း။** လိုင်စင်သက်တမ်းတိုး လျှောက်ထားလိုသူများသည် ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ(၁)ရက်မှ ဒီဇင်ဘာလ(၃၁)ရက် မတိုင်မီကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်မြို့)၊ ကျောက်မျက်တူးဖော်ရေးဌာန (မြစ်ကြီးနားမြို့)နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း (မန္တလေးရုံးခွဲ)၊ အမှတ်(၂၂)၊ ၃၅x၆၄လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ များတွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာများ တင်သွင်း ရပါမည်။

(ခ) **လိုင်စင်သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်းမပြုလိုသူများ**

(၁) လုပ်ငန်းမရပ်စဲမီတစ်လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အကြောင်းကြားပြီး သတ်မှတ်ချက်နှင့်အညီ လိုင်စင်များ ပြန်လည်အပ်နှံကြရန်ဖြစ်ပါသည်။

(၂) လုပ်ငန်းလိုင်စင်နှင့်ထုတ်ယူထားသောအရောင်းပြေစာစာအုပ်(CASH MEMO) များ စာရင်းရှင်းလင်းအပ်နှံခြင်းများကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့ မတိုင်မီလာရောက် ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက လုပ်ငန်းလိုင်စင် ရပ်စဲခံရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော် ၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်မြို့)၊ ကျောက်မျက်တူးဖော်ရေးဌာန (မြစ်ကြီးနားမြို့)နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဂယ်ရေးလုပ်ငန်း (မန္တလေးရုံးခွဲ)၊ အမှတ်(၂၂)၊ ၃၅x၆၄ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ် ၊မန္တလေးမြို့များတို့တွင် ဆက်သွယ်စုံစမ်း နိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း